စံတော်ချိန် The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily



# ချမ်းမြေ့ရေစင် အတူပက်ဖျန်း



ဧပြီလ လလယ်ပိုင်းတွင် ယူနန်ပြည်နယ်၏ တစ်နှစ်တစ်ကြိမ် ကျင်းပသော မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ရောက်ရှိလာပါသည်။

ယူနန်ပြည်နယ် စစ်ဆောင်ပန်းနား တိုင်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ၊ တယ်ဟုန် တိုင်၊ ဂျိမ်းဖော တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ၊ လင်ချန်းမြို့၊ ဖူအယ်မြို့ စသည့်ဒေသများတွင် တိုင်၊ ဝ၊ အားချန်း၊ တအောင်း စသည့် တိုင်းရင်းသားလူမျိုးများသည် အမျိုးသား၊ အမျိုးသမီး၊ လူကြီးလူငယ်မရွေး ပွဲတက်ဝတ်စုံများ ဝတ်ဆင်ထားကြပြီး အဝေးရပ်မှ လာရောက်ကြသော ဧည့်သည်များနှင့်အတူ သီဆိုကခုန်နေကြကာ "ချမ်းမြေ့ရေစင်"များ အပြန်အလှန် ပက်ဖျန်းနေကြပါသည်။ ပထဝီမြေပြင်ကို စည်ကားလှသည့် "ရေပြင်ကြီး"ဖြစ်လာစေခဲ့ပြီး လူတိုင်းသည် ပျော်ရွှင်မှုများထဲတွင် နစ်မွန်းနေကြပါသည်။

ဧပြီလ ၁၃ ရက်မှ ၁၆ ရက်အထိ စစ်ဆောင်ပန်းနားပြည်နယ်ခွဲသည် ပျော်ရွှင်မှုအငွေ့အသက်များကြားတွင် နစ်မွန်းနေပြီး ဤနေရာတွင် တိုင်ရိုးရာပြက္ခဒိန် ၁၃၈၆ ခုနှစ်၏ နှစ်သစ်ကူးပွဲတော် (၂၀၂၄ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော်)ကို ကျင်းပခဲ့ပါသည်။ ထိုင်း၊ လာအို၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ရုရှား၊ အမေရိကန် စသည့်နိုင်ငံတို့မှ လာရောက်ကြသည့် လူငယ်များလည်း ဤနေရာသို့ ရောက်ရှိလာပြီး မဟာသင်္ကြန်ရေသဘင်ပွဲတော်၏ ဓလေ့ထုံးစံများကို လက်တွေ့ခံစားကြပါသည်။ "ချမ်းမြေ့ရေစင်"အတူပက်ဖျန်း၍ စစ်ဆောင်ပန်းနားပြည်နယ်ခွဲ၏ တိုင်ရိုးရာပြက္ခဒိန်နှစ်သစ်ကူး ဓလေ့ထုံးစံများကို အတူတကွ လက်တွေ့ခံစားခဲ့ကြပါသည်။

ကျင်ဟုန်မြို့ ရေသဘင်ရင်ပြင်ပေါ်တွင် လူများသည် ရေပက်ကိရိယာမျိုးစုံ ကိုင်ဆောင်ကာ ပြေးလွှားလျက် ရေပက်ဆော့ကစားနေကြပါသည်။ ရေမှုန်များသည် နေရောင်အောက်တွင် အရောင်တလက်လက်ဖြင့် တက်ကြွလှသော တိုင်ဒစ်စကိုတေးသွားများသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ရောက်ရှိသွားပြီး လူများသည် လက်များကို အတူတကွ ဝှေ့ယမ်းနေကြပါသည်။ ပျော်ရွှင်ရယ်မောသံများသည်အသံလှိုင်းများအဖြစ်ဖြင့် ရင်ပြင်ဝေဟင်တွင် ပျံ့နှံ့နေပါသည်။

လန်ချန်းမြစ်ထဲတွင် နဂါးလှေအဖွဲ့များသည် လှော်တက်ကို အားသွန်လှော်ခတ်နေကြပြီး ရေလှိုင်းများကို ထိုးဖောက်နေကြပါသည်။ မြစ်ကမ်းဘေးတွင် ထူးခြားသော ဝိသေသအငွေ့အသက်များ ပြည့်နှက်နေသည့် ဈေးပွဲတော်ကြီးသည် အရှည်သုံးလေးကီလိုမီတာခန့်ရှိပြီး အမျိုးမျိုးသော ယဉ်ကျေးမှုဖန်တီးထုတ်ကုန်များနှင့် ထူးခြားသော စားကောင်းသောက်ဖွယ်များသည် မခွဲနိုင်မခွာရက်စရာ ရှိနေပါသည်။ ညအမှောင် တဖြည်းဖြည်းကျရောက်လာချိန်တွင် လန်ချန်းမြစ်ကမ်းဘေး၌ သောင်းချီသောလူများသည် မီးပုံးများ အတူတကွ လွှတ်တင်ခဲ့ကြပြီး များပြားလှစွာသော မီးပုံးများသည် ညကောင်းကင်ယံတွင် လွန်စွာလှပသော "နက္ခတ်စုံလင်ညကောင်းကင်ယံ" ပန်းချီကားတစ်ချပ်ကို ရေးဆွဲခဲ့ပါသည်။

လူသောင်းချီ ရေပက်ခြင်း၊ "ကဘန်ကွမ်"အက၊ ဝါးဖောင်ပြိုင်ပွဲ၊ ဝင်ရိုးစွန်းအလင်းရှိုး၊ အစားအသောက်ပွဲတော်၊ တရုတ်-မြန်မာချစ်ကြည်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲ စသည်ဖြင့် တယ်ဟုန်ပြည်နယ်ခွဲတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားများသည် ပျော်ရွှင်ကြည်နူးဖွယ်ရာ သင်္ကြန်ရေသဘင်ပွဲတော်၏ ညို့အားများကို လာရောက်ခံစားခဲ့ကြပါသည်။

နိုင်ငံခြားသားခရီးသည် Tonနှင့် ယွီလုံတို့သည် တယ်ဟုန်ပြည်နယ်ခွဲ မန်စီမြို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပွဲဈေးတန်းထဲသို့ အထူးတလည် လာရောက်ခဲ့ကာ တိုင်တိုင်းရင်းသား စက္ကူညှပ်၊ တအောင်း အချဉ်ရေနွေးကြမ်း၊ တိုင်ရွှံ့ထည်၊ ဝါးရက်၊ ချည်ရက်စသော တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ခန်းများရှေ့တွင် အာရုံစူးစိုက်လေ့လာကြည့်ရှုခဲ့ကြပါသည်။ Ton က"မတူညီတဲ့ တိုင်းရင်းသားတွေ သဟဇာတစွာ နေထိုင်နေကြတာဟာ တရုတ်နိုင်ငံရဲ့ လက်သင့်ခံနိုင်မှုက တည်ဆောက်ထားတဲ့ ယဉ်ကျေးမှုအလှတရားပဲ ဖြစ်ပါတယ်" ဟု ဆိုပါသည်။

လင်ချန်းမြို့ ကိန့်မာခရိုင်တွင် ပြီးခဲ့သည့်နှစ်မှ နာမည်ကျော်သင်္ကြန်သီချင်း "UP ကိန့်မာ"သည် ကိန့်မာကို မဟာသင်္ကြန်ရေသဘင်ပွဲတော် နာမည်ကျော်ခရီးသွား နေရာသစ်တစ်ခု ဖြစ်လာစေခဲ့ပါသည်။ ယခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော်တွင် သင်္ကြန်သီချင်းသစ် "အော်တီခါ" သည် သင်္ကြန်ပွဲတော်၏ အငွေ့အသက်များကို ထပ်ဆင့်မြင့်တက်လာစေခဲ့ပါသည်။ "ကိန့်မာ၏အနမ်း" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသော ပဒေသာကပွဲသည် ကိန့်မာ၏ တစ်မူထူးခြားသော တိုင်းရင်းသားယဉ်ကျေးမှုကို အဓိကအဖြစ် တင်ဆက်ထားခြင်းဖြစ်ပြီး ပရိသတ်များကို တစ်မူထူးခြားသော ရိုးရာယဉ်ကျေးမှု၏ စက္ခုအာရုံ အကြားအာရုံ ပွဲတော်ကြီးဖြင့် ဖျော်ဖြေခဲ့ပါသည်။

ယူနန်နှင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံများသည် နယ်နိမိတ်ချင်း ထိစပ်နေခြင်း၊ ယဉ်ကျေးမှုပေါင်းစည်းနေခြင်း၊ ပြည်သူများအကြား နှလုံးသားချင်း နီးစပ်နေခြင်းများ ရှိနေပါသည်။ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား စသည့်နိုင်ငံများတွင်လည်း ဧပြီလ လလယ်ပိုင်းသည် မဟာသင်္ကြန်ရေသဘင်ပွဲတော် ဖြစ်ပါသည်။ ပွဲတော်ကို အတူတကွ ဆင်နွှဲနိုင်ရန်အတွက် ဧပြီလ ၁၅ ရက်တွင် ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံတကာ ပြန်ကြားရေးစင်တာသည် တရုတ်နေ့စဉ်သတင်းစာနှင့် ပူးတွဲ၍ တရုတ်နိုင်ငံ စစ်ဆောင်ပန်းနား၊ ထိုင်းနိုင်ငံ ဗန်ကောက်၊ ကမ္ဘောဒီးယားနိုင်ငံ Siem Reap စသည့် နေရာသုံးနေရာမှ မဟာသင်္ကြန်ရေသဘင်ပွဲတော်များကို နိုင်ငံဖြတ်ကျော် Live ထုတ်လွှင့်မှု ပြုလုပ်ခဲ့ပြီး အွန်လိုင်းပရိသတ်များအား "ဝေဟင်"ပေါ်တွင် ချမ်းမြေ့ရေစင် အတူတကွ ပက်ဖျန်းနိုင်စေခဲ့ပါသည်။